ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ် (၅၃)၊ နေပြည်တော်

စာအမှတ်၊အီးအိုင်အေ-၂/သတ္တု( ၅၃၇ /၂၀၁၉)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် မတ်လ ၈ ရက်

သို့
ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၈)

အကြောင်းအရာ။ **တံချူသျှင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ နားနန့်ထွန်ကျေးရွာအုပ်စု၊ နန့်ကျင်ကြီးဝိုင်း (SBM-316)ရွှေသတ္တုလုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အတည်ပြုနိုင်ပါရန် တင်ပြခြင်း**

ရည် ညွှန်း ချက် ။
(၁) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၂၄-၁၀-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၈၈၇/ ရွှေဖက်စပ် (တံချူသျှင်-EMP) / ၂၀၁၆
(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၅-၅-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၉(၇၉၆/၂၀၁၇)
(၃) အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ၂၆-၇-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁၆၇၃/ရွှေဖက်စပ်(တံချူသျှင်- EMP)/၁၇
(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၀-၁၁-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/သတ္တု(၁၉၀၇/၂၀၁၇)
(၅) အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ၃၀-၁-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၂၅၄/ရွှေဖက်စပ်(တံချူသျှင်- EMP)/၂၀၁၉

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တံချူသျှင်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ဗန်းမောက်မြို့နယ်၊ နားနန့်ထွန်ကျေးရွာအုပ်စု၊ နန့်ကျင်ကြီးဝိုင်း အတွင်းရှိ (SBM-316) (၂၀) ဧက ကျယ်ဝန်းသော လုပ်ကွက်တွင် ရွှေသတ္တု တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် ရေးဆွဲထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) အပေါ် သဘောထား မှတ်ချက်ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်း(၁)ပါစာဖြင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ပေးပို့လာခြင်းအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာနမှ စိစစ်သုံးသပ်ပြီး ရည်ညွှန်း (၂) ပါစာဖြင့်လည်းကောင်း၊ ရည်ညွှန်း(၃)ပါစာဖြင့် ပြန်လည်တင်ပြလာခြင်းအပေါ် ရည်ညွှန်း (၄) ပါစာဖြင့်လည်းကောင်း၊ သဘောထားမှတ်ချက်